**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**

**ယဉ်ကျေးမှုတက္ကသိုလ် ဥပဒေ**

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၉၃)**

ရန်ကုန်မြို့၊ ၁၃၅၅ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၄ ရက်

(၁၉၉၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ယဉ်ကျေးမှုတက္ကသိုလ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် အောက်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တက္ကသိုလ်** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သည့် ယဉ်ကျေးမှုတက္ကသိုလ်ကိုဆိုသည်၊

(ခ) **ကောင်စီ** ဆိုသည်မှာ တက္ကသိုလ်၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ရန် ဤဥပဒေအရ ဖွဲ့စည်းသည့် တက္ကသိုလ်ကောင်စီကို ဆိုသည်၊

(ဂ) **ကျောင်း** ဆိုသည်မှာ အစိုးရကဖွင့်လှစ်သော ပန်တျာကျောင်းများနှင့် ပန်းချီပန်းပုကျောင်းများကိုဆိုသည်။

## အခန်း (၂)
## တက္ကသိုလ်တည်ထောင်ခြင်း

၃။ ယဉ်ကျေးမှုတက္ကသိုလ်ကို ဤဥပဒေ စတင်အာဏာသက်ရောက်သည့်နေ့မှစ၍ တည်ထောင်လိုက်သည်။

၄။ တက္ကသိုလ်သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ခွင့်၊ စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၅။ တက္ကသိုလ် တည်ထောင်သည့်အချိန်တွင်တည်ရှိနေသော ကျောင်းများသည် တက္ကသိုလ်နှင့်ပေါင်းကူးဆက်သွယ်သည့် ကျောင်းများဖြစ်သည်ဟု မှတ်ယူရမည်။

၆။ အစိုးရသည် တက္ကသိုလ်နှင့် ပေါင်းကူးဆက်သွယ်သည့် ယဉ်ကျေးမှုသိပ္ပံနှင့် ကျောင်းများကိုလိုအပ်သလိုဖွဲ့စည်းနိုင်သည်။

## အခန်း (၃)
## တက္ကသိုလ်၏ ရည်မှန်းချက်များ

၇။ တက္ကသိုလ်၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးနှင့် တိုးတက်ပြန့်ပွားရေးတို့ကို ဆောင်ရွက်ရန်

(ခ) မြန်မာ့သုခုမအနုပညာ တိုးတက်ပြန့်ပွားရေးနှင့် ထူးချွန်သော အနုပညာရှင်များ ပေါ်ထွန်းရေးတို့အတွက် သုတေသနနှင့် လေ့ကျင့်ပျိုးထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဂ) ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို တက္ကသိုလ်၊ ယဉ်ကျေးမှုသိပ္ပံနှင့် ကျောင်းများတွင် သင်ကြားပို့ချရန်၊

(ဃ) ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို အထောက်အကူပြုရန်၊

(င) အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရား ကောင်းမွန်သော အနုပညာရှင်ကောင်းများ မွေးထုတ်ပေးရန်။

## အခန်း (၄)
## ကောင်စီဖွဲ့စည်းခြင်း

၈။ အစိုးရသည် တက္ကသိုလ်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ | ကောင်စီဝင်များ |
| (ဂ) | ဘာသာရပ်ဆိုင်ရာ ပညာရှင်များ | ကောင်စီဝင်များ |
| (ဃ) | သင့်လျော်သော နိုင်ငံသားများ | ကောင်စီဝင်များ |
| (င) | ညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန | အတွင်းရေးမှူး |

၉။ အစိုးရသည် လိုအပ်လျှင် ကောင်စီ၏ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

၁၀။ ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် ယဉ်ကျေးမှု ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

## အခန်း (၅)
## ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၁။ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တက္ကသိုလ်ပညာရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

(ခ) တက္ကသိုလ် ပညာရေးနှင့် သက်ဆိုင်သည့် သုတေသန လုပ်ငန်းများ ဆောင်ရွက်ရန် သတ်မှတ်ခြင်း၊

(ဂ) တက္ကသိုလ်က အပ်နှင်းမည့် ဘွဲ့၊ ဒီပလိုမာနှင့် တက္ကသိုလ်ပညာဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ သတ်မှတ်ခြင်း၊

(ဃ) တက္ကသိုလ်တွင် လက်ခံသင်ကြားမည့် ကျောင်းသားဦးရေသတ်မှတ်ခြင်း၊

(င) တက္ကသိုလ်ဝင်ခွင့် အရည်အချင်းသတ်မှတ်ခြင်း၊

(စ) တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်သည့် ဆရာမများ၏ အရည်အချင်း သတ်မှတ်ခြင်း၊

(ဆ) တက္ကသိုလ်၏ စီမံခန့်ခွဲရေး လုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် အဆုံးအဖြတ် ပေးခြင်း၊

(ဇ) တက္ကသိုလ်စာမေးပွဲများ ကျင်းပရေးနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊

(ဈ) တက္ကသိုလ်အတွက်လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို သတ်မှတ်သည့် နည်းလမ်း နှင့်အညီ ရေးဆွဲ၍ အတည်ပြု ထားရှိခြင်း၊

(ည) လိုအပ်သော ကျွမ်းကျင်မှု အကူအညီနှင့် အခြားအကူအညီများကို အစိုးရဌာန အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများထံမှ ရယူခြင်း၊

(ဋ) တက္ကသိုလ်ပါမောက္ခချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း။

## အခန်း (၆)
## ပညာရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁၂။ တက္ကသိုလ်၏ ပညာသင်ကြားရေးလုပ်ငန်းနှင့် စီမံခန့်ခွဲရေးလုပ်ငန်း တာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကောင်စီသည် အောက်ပါအဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) တက္ကသိုလ်ပညာရေးအဖွဲ့

(ခ) တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့။

၁၃။ ကောင်စီသည် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

၁၄။ ကောင်စီသည် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၁၅။ တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့တွင် ပါဝင်သော ဝန်ထမ်း မဟုတ်သည့် အဖွဲ့ဝင်များသည် ယဉ်ကျေးမှုဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

## အခန်း (၇)
## အထွေထွေ

၁၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဤဥပဒေအရ တည်ထောင်သည့် တက္ကသိုလ် ဘွဲ့၊ ဒီပလိုမာနှင့် တက္ကသိုလ်ပညာဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခွင့်ရှိစေရမည်။

၁၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ယဉ်ကျေးမှုဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။